## Apple က ပွဲထုတ်လိုက်တဲ့ iTunes 10.5.3






Apple က သူ့ရဲ့ update လုပ်ထားတဲ့ iTunes software version အသစ်ကို နယူးယောက်မြို့မှာကျင်းပတဲ့ ကုမ္ပဏီရဲ့ စာနယ်ဇင်းရှင်းလင်းပွဲမှာ ထုတ်ပြခဲ့ပါတယ်။ ဆရာ ၊ ဆရာမ တွေအတွက် tool အသစ်တွေနဲ့ iPad app အသစ်တစ်ခုပါဝင်တဲ့ update လုပ်ထားတဲ့ iTunes U service ကို california အခြေစိုက် cupertino မှာ မိတ်ဆက်ခဲ့ပါတယ်။ iTunes 10.5.3 ကို download လုပ်လို့ရနေပြီ ဖြစ်ပါတယ်။ Apple က တရားဝင်ပြောင်းလဲလိုက်တဲ့ iTunes 10.5.3 မှာပါဝင်တဲ့ feature အသစ်တွေက iBooks textbook တွေကို iPad ကို sync လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီ multi-touch textbook တွေကို ကိုယ့်ရဲ့ Mac ပေါ်က iTunes store ကနေ၊ ဒါမှမဟုတ် iBooks2 ပါဝင်တဲ့ ကိုယ့်ရဲ့ iPad ပေါ်က iBook store တို့ကနေ ဝယ်ယူနိုင်ပါတယ်။ Update လုပ်ထားတဲ့ iTunes 10.5.3 *support.apple.com/kb/HT1222* မှာ အသေးစိတ်ကြည့်ရှုနိုင်ပါတယ်။

## Android 5.0 ၂၀၁၂ ဒုတိယလေးလပတ်မှာ ထွက်မယ်



ကြားရတဲ့ သတင်းတွေအရ Andorid 5.0 Jelly Bean ကို၂၀၁၂ ခုနှစ်ရဲ့ ဒုတိယလေးလပတ်မှာ ထုတ်မယ်လို့ သိရပါတယ်။ ဒီလိုသာဆိုရင်တော့ ICS (Ice Cream Sandwich က Android Market ထဲမှာ ဝေစုအနည်းငယ်ပဲ ရလိုက်တယ်လို့ ဆိုရတော့မှာဖြစ်ပါတယ်။

Andorid 5.0 Jelly Bean ဟာ ပိုပြီးတော့ screen အရွယ်အစားကြီးမားတဲ့ device (tablet ၊ netbook )တွေအတွက် optimization တွေ ယူဆောင်လာပေးမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ လာမယ့် Android version အသစ်ရဲ့ အဓိကအားသာချက်က Chrome OS ကို dual-boot လုပ်လို့ရစေမှာပဲဖြစ်ပါတယ်။ တကယ်လို့ dual-boot သာရခဲ့ရင်တော့ Android 5.0 ဟာ Android platform ကို computer ဈေးကွက်ထဲမှာ ပိုပြီးနေရာရလာစေမှာပဲ ဖြစ်ပါတယ်။

## Android တွေမှာ Microsoft OneNote ကို အသုံးပြုလို့ရနိုင်ပြီ



Word ၊ Excel ၊ PowerPoint တွေဟာ အားလုံးရဲ့အာရုံစိုက်မှုကို ရရှိထားပါတယ်။ ဒါပေမဲ့ OneNote က Microsoft Office ရဲ့ app တွေထဲမှာ မြန်မြန်ဆန်ဆန်ပဲ ရတနာတစ်ပါး ဖြစ်လာပါတယ်။ Android smartphone တွေနဲ့ tablet တွေအတွက် Microsoft က OneNote app ကို တိုးချဲ့လိုက်ပါပြီ။

Android phone တွေအတွက် OneNote ကို မေးခဲ့ကြတဲ့သူတွေ အားလုံးနဲ့စိတ်ရှည်ရှည်နဲ့ စောင့်ပေးတဲ့သူတွေအားလုံးအတွက် သတင်းကောင်းတစ်ခုရှိပြီး Android အသုံးပြုသူ တွေအတွက် OneNote app ကို ယခု အသုံးပြုလို့ရနေပါပြီလို့ Microsoft OneNote blog ပေါ်မှာ ရေးသားထားခဲ့တာဖြစ်ပါတယ်။

# Andorid အတွက် Wikipedia



iPhone ပေါ်မှာပဲ နှစ်ပေါင်းကြာအောင် အသုံးပြုလို့ရပြီးတဲ့နောက်မှာတော့ Wikipedia app ကို Android user တွေအတွက် တရားဝင်ရနိုင်ပြီ ဖြစ်ပါတယ်။ (iPhone မှာက ၂၀၀၉ ခုနှစ်ကတည်းက သုံးလို့ရခဲ့တာ ဖြစ်ပါတယ်။)

Android Market ကနေ အခမဲ့ dowonload လုပ်လို့ရနိုင်နေတဲ့ ဒီ app က ဘာသာစကားပေါင်း ၂၈၀ ကျော်နဲ့ဖတ်လို့ရနိုင်တဲ့ article ပေါင်း သန်း ၂၀ ကျော် ကို Wikipedia database ကနေ mobile access လုပ်လို့ ရစေမှာဖြစ်ပါတယ်။ ဒီ app ကို Android 2.2 Froyo နဲ့အထက် run ထားတဲ့ device တွေမှာ install လုပ်လို့ရမှာဖြစ်ပါတယ်။ ဒီ app က user တွေကို အကြောင်းအရာတွေကို location based နဲ့ ရှာလို့ရနိုင်စေတဲ့အပြင် share လည်းလုပ်နိုင်စေကာ offline မှာဖတ်ဖို့အတွက် save လုပ်ထားလို့လည်းရစေမှာ ဖြစ်ပါတယ်။ Site တစ်ခုလုံးရဲ့ ဘာသာစကားကို ပြောင်းပစ်ဖို့ မလိုဘဲ article တစ်ခုချင်းစီကို မတူညီတဲ့ဘာသာစကားတစ်ခုစီနဲ့ ကြည့်လို့ရနိုင်မှာလည်း ဖြစ်ပါတယ်။ ဒီ app ကို အကောင်းပြောကြတာများပေမယ့် တချို့ကတော့ GPS function ကို background မှာ အမြဲ run နေစေတာကြောင့် battery အရမ်းစားတယ်လို့ ပြောနေကြပါတယ်။ ■

# Foxconn ရဲ့ data တွေ hack ခံရ



Apple ရဲ့ supplier Foxconn ဆီကနေ အတွင်းသတင်းအချက်အလက်တွေ ခိုးယူခဲ့ပြီးပြီလို့ hacker တွေက အနိုင်အမာ ပြောဆိုလိုက်ပါတယ်။ တရုတ်က electronic ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေရဲ့ အလုပ်လုပ်တဲ့ အခြေအနေ ညံ့ဖျင်းမှုတွေအကြောင်း ရေးသားထားတဲ့ media တွေရဲ့ သတင်းတွေကို တုံ့ပြန်ထားတာတွေဟာ online ပေါ်မှာ ပေါက်ကြားခဲ့ပါတယ်။

Hacker အုပ်စု Sway Security က twitter မှာ တိုက်ခိုက်မှုတစ်ရပ်ကို ကြေညာခဲ့ပြီး Foxconn ကခိုးယူထားတဲ့ data တွေလည်း online မှာ ပေါက်ကြားခဲ့ပါတယ်။ ဒီ data တွေထဲမှာ username တွေနဲ့ password တွေပါဝင်ပြီး ဒီ file တွေထဲက password တွေက Microsoft ၊ Apple ၊ IBM ၊ Intel နဲ့ Dell တို့လို ကုမ္ပဏီကြီးတွေဆီကနေ ငွေညှစ်လို့ရနိုင်တယ်လို့ Pastebin ပေါ်မှာ hacker တွေက ရေးသားထားခဲ့ပါတယ်။ ■

# Lenovo Fiscal Q3 ရဲ့အမြတ် ၅၄ ရာခိုင်နှုန်း မြင့်တက်ပြီး တရုတ်ရှယ်ယာလည်းတိုး



ကုမ္ပဏီရဲ့ ဈေးကွက်မှာထိုးဖောက်ဖို့ အကွက်မြင်တတ်မှုကြောင့် Lenovo ရဲ့ fiscal third quarter ဟာ ၂၀၁၁ ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ မနှစ်ကထက် အမြတ် ၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ PC ရောင်းအားက ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့တယ်လို့တရုတ်က PC ရောင်းချသူတွေက ပြောကြားခဲ့ပါတယ်။

အမြတ်ဒေါ်လာ သန်းပေါင်း ၁၅၃ ဒေါ်လာ ရရှိခဲ့ပြီး အခွန်ကတော့ မနှစ်ကထက် ၄၄ ရာခိုင်နှုန်း မြင့်တက်သွားပြီး ဒေါ်လာ ၈.၄ သန်းဖြစ်သွားတယ်လို့ သိရပါတယ်။ ■

# MegaUpload ကိုပိတ်လိုက်ခြင်းကြောင့် FileSonic မှာ file တွေ share လုပ်လို့မရတော့




MegaUpload ကို ပိတ်လိုက်တာနဲ့ စွဲချက်တင်တာတွေကြောင့် internet ရဲ့နာမည်အကြီးဆုံး file-sharing service တွေထဲက တစ်ခုဖြစ်တဲ့ FileSonic မှာ သူ့ရဲ့ share လုပ်တဲ့ function ကို အသုံးပြုလို့မရတော့ပါဘူး။ FileSonic site ရဲ့ home page မှာ ကိုယ် upload လုပ်လိုက်တဲ့ file တွေကို တစ်ကိုယ်ရေသုံးအတွက် upload နဲ့ retrieve ပဲ လုပ်လို့ရတယ်လို့ ရေးထားပါတယ်။

Site ကတော့ ဒီလိုရုတ်တရက်ပြောင်းလဲမှုအတွက် တရားဝင်ဖြေရှင်းချက်တွေ မပေးသေးပါဘူး။

အမေရိကန် တရားလွှတ်တော် တရားဝန်ကြီးဌာနနဲ့ FBI က MegaUpload ကို ပိတ်ချလိုက်ပြီး online မူပိုင်ခွင့်နဲ့ ပတ်သက်ပြီး ဆန့်ကျင်ခဲ့တဲ့ လူ ၇ ယောက်ကို တရားမဝင်လုပ်ငန်းနဲ့ အသက်မွေးရန် ပူးပေါင်းကြံစည်မှု၊ copyright ဥပဒေကိုဖောက်ဖျက်မှု၊ ငွေမည်းကို ငွေဖြူဖြစ်အောင်ပြုလုပ်မှုတို့နဲ့ စွဲချက်တင်ဖို့ ကြေညာခဲ့ပါတယ်။

Federal ရဲ့ အမှုဆောင်အရာရှိတွေကတော့ တရားခံတွေကို ဒေါ်လာသန်းပေါင်းများစွာ တရားမဝင် အကျိုးအမြတ်ရအောင်ပြုလုပ်ပြီး ရုပ်ရှင်လုပ်ငန်းကို ဒေါ်လာသန်း ၆၀၀ ကျော် ကုန်ကျတဲ့ပျက်ဆီးမှုတွေဖြစ်အောင်ပြုလုပ်တယ်လို့ စွပ်စွဲခဲ့ပါတယ်။

# Apple ရဲ့ privacy ပြောင်းလဲမှုကြောင့် app 1000 ကျော် impact ရှိခဲ့




Apple ဟာ App Store software မှာရှိတဲ့ app တွေကို သူ့ရဲ့ contact data rule အသစ်တွေကို update လုပ်ဖို့ ဖိအားပေးခဲ့ပါတယ်။

နာမည်ကျော် social network app တစ်ခုဖြစ်တဲ့ Path ဟာ သူ့ရဲ့ server တွေက user တွေရဲ့ contact တွေကို user တွေကို အသိမပေးဘဲ upload လုပ်ခဲ့တာကြောင့် Apple ဟာ incoming data protection ကို ပြောင်းလဲခဲ့တယ်လို့ သိရပါတယ်။

App တစ်ခုဟာ user contact data တွေကို user ရဲ့ ခွင့်ပြုချက်မယူဘဲ စုဆောင်းတာ၊ ဖြန့်ဖြူး တာမျိုးဟာ Apple ရဲ့ guideline ကို ချိုးဖောက်တာပဲလို့လည်း သိရပါတယ်။

ဒါက customer တွေအတွက် ပိုမိုကောင်းမွန်အောင် ပြုလုပ်ပေးခဲ့တာဖြစ်ပြီး နောက်ထပ် ဘယ် app မဆို user contact ကို access လုပ်ဖို့လိုရင် အရင်ဆုံး user approval ရှိမှဖြစ်မယ်လို့လည်း သိရပါတယ်။ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့တဲ့ သုတေသနတွေအရ ဒီလိုမျိုး user တွေကို အသိမပေးဘဲ contact တွေကို upload လုပ်တာမျိုးကို ပြုလုပ်တဲ့ app ပေါင်း ထောင်နဲ့ချီပြီး ရှိနေတာကို သိခဲ့ရပါတယ်။